# အမျိုးသားပန်းခြံအတွင်း တိဗက်တိုင်းရင်းသားရွာသားများ၏ "သဘာဝထိန်းသိမ်းရေးပြောင်းလဲမှု"

နှင်းတောင်၊ အင်းအိုင်၊ ပန်းမန်များနှင့်ပြည့်စုံနေသော ဖူတာချို့အမျိုးသားပန်းခြံသည် ပင်လယ်ပြင်မျက်နှာပြင်ထက် (၃၅၀၀)မီတာခန့်တည်ရှိပြီး အင်းအိုင်၊ မြေစို၊ သစ်တော၊ ချောင်းလျှိုမြောင်၊ ရှားပါးသော ရုက္ခသစ်ပင်ဇီဝသတ္တဝါများကို ပိုင်ဆိုင်ကာ သဘာဝပတ်ဝန်းကျင်ကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်ထားပါသည်။

လောယုံရွာသားအဖွဲ့သည် ဖူတာချို့အမျိုးသားပန်းခြံအတွင်းတွင် နေထိုင်သော တိဗက်တိုင်းရင်းသားကျေးရွာဖြစ်သည်။ ခေတ်အဆက်ဆက် စိုက်ပျိုးမွေးမြူရေးဓလေ့များကို တူကျဲစသည့် ရွာသူရွာသားများက ဆက်ခံလုပ်ဆောင်နေလျက်ရှိပါသည်။

၂၀၀၆ခုနှစ် "အစိုးရဦးဆောင်၊ ဦးစားပေးထိန်းသိမ်း၊ အထူးလုပ်ဆောင်၊ ရပ်ကွက်စည်ကား၊ လူမှုကြီးကြပ်"ဟူသောမူဝါဒဖြင့် အမျိုးသားပန်းခြံပုံစံကို စတင်စမ်းသပ်ကျင့်သုံးခဲ့သည်။ စူတူးအင်း၊ ပိထာဟိုင်းသည့်နယ်ပယ်များကို အထူးကာကွယ်ဇုန်၊ သဘာဝ ထိန်းချုပ်မွေးမြူဇုန်၊ ပြသဇုန်၊ ရိုးရာပြန်လည်အသုံးပြုဇုန်စသည့်ဇုန်များအဖြစ် ချမှတ်ခဲ့သည်။

တဖြည်းဖြည်း ရောက်ရှိလာသော ပြောင်းလဲမှုဖြင့် ပန်းခြံနှင့်သက်ဆိုင်သည့် ကျေးရွာနှင့် တောမြို့(၂)ခု၊ ရွာသားအိမ်ပေါင်း(၇၈၅)အိမ်သည် တုံ့ပြန်မှုများရရှိခဲ့သည်။ ပန်းခြံရပ်ကွက်များ၏ အကျိုးအမြတ်ပေးဆပ်မှုစာချုပ်ပါ (၅)နှစ်လုပ်ဆောင်သည့် သဘောတူညီချက်အတိုင်း ပထမအလှည့်နှစ်စဉ် ပြန်လည်ရရှိငွေအရင်းမှာ တရုတ်ယွမ်သိန်းပေါင်း(၁၀၀)ယွမ်ခန့်ရှိပြီး ယခုနှစ်စဉ် ပြန်လည်ရရှိငွေအရင်းမှာ တရုတ်ယွမ်သိန်းပေါင်း(၂၀၀)ယွမ်ကျော်ရှိသည်။ ပြန်လည်ရရှိငွေများအပြင် တီချင့်ပြည်နယ်ခွဲ ခရီးသွားဖွံ့ဖြိုးတိုးတက်အုပ်စုကုမ္ပဏီလီမိတက် ဖူတာချို့ခရီးသွားလုပ်ငန်းကုမ္ပဏီခွဲသည် ခြံတွင်းနေသောရွာသူရွာသားများကို ဦးစားခန့်အပ်ပြီး သက်ဆိုင်ရာကူညီထောက်ကူပြုလုပ်ဆောင်ချက်များကို လုပ်ဆောင်ပေးခဲ့သည်။

သစ်သားဖွဲ့စည်းပုံ အဆောက်အအုံဖြစ်သော တိဗက်ပုံစံခေါင်မိုးတွင် သံပြားများဖုံးလွှမ်းထားပါသည်။ ခြံအတွင်းရှိပေါင်မုန့်ကား၊ အိမ်အတွင်းအသုံးပြုနေသည့် လျှပ်စစ်ပစ္စည်းများဖြင့် တူကျဲ၏အိမ်သည် ရိုးရှင်းသော်လည်း ခေတ်မီနေသည်။ "ထောက်ပံ့ငွေကိုယူပြီးလစာရတယ်။ စိုက်ပျိုးမွေးမြူရေးကိုလည်း မထိခိုက်ဘူး။ အရမ်းကောင်းတာပါပဲ။" ဟု တူကျဲကပြောသည်။



တောမလိုက်၊ သစ်မခုတ်သောကြောင့် တောင်သည်ပိုမိုစိမ်းလန်းလာပြီး ရေကပိုမိုကြည်လင်လာသည်။ တစ်အိမ်လုံးတစ်နှစ်လျှင် တရုတ်ယွမ်(၁)သိန်းရရှိသည်။ ၎င်းပြောင်းလဲမှုပြောမိလျှင် တူကျဲက အထူးအံ့အားသင့်ခဲ့ရပါသည်။

သတင်းထောက် - ဝမ်ချန်ရှန်း

## ကူမင်းတာကွမ်းပန်းခြံတွင် တရုတ်တစ်နိုင်ငံလုံးကြာပန်းပြပွဲဖွင့်ပွဲကို ကျင်းပခဲ့



တရုတ်ကူမင်းတာကွမ်းပန်းခြံတွင် (၃၁)ကြိမ်မြောက် တရုတ်တစ်နိုင်ငံလုံး ကြာပန်းပြပွဲကူမင်းပြသဇုန်ကို ဖွင့်လှစ်ခဲ့ရာပန်းအမျိုးအစားပေါင်း (၅၀၀)ကျော်၊ အိုးစိုက်ကြာပန်း(၁)သောင်းကျော်၊ ရေစိုက်ကြာပန်းခင်း(၂၀၀)မူကျော်ကို ပြသခဲ့သည်။ ယင်းအတွင်း October red, white peony lotusစသည့် အမျိုးအစားပေါင်းရာကျော်ကို ကူမင်းတွင် ပထမဆုံးအကြိမ်ပြသခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံး ကြာပန်းပြပွဲသည် တရုတ်နိုင်ငံတွင် အချိုးအစားအကြီးမားဆုံး၊ ထိရောက်မှုအား အရှိဆုံးသော ကြာပန်းယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြစ်သည်။ ယခုအကြိမ် ကူမင်းပြသဇုန်တွင် ကြာပန်းပြသခြင်းသည် "တရုတ်အိပ်မက်၊ တာကွမ်မေတ္တာ၊ လက်မှုဆရာစိတ်၊ ရွာကိုလွမ်းခြင်းစိတ်"ဟူသော ခေါင်းစဉ်ဖြင့် ပြည်နယ်နှင့် ပြည်နယ်ခွဲပေါင်း (၂၈)ခုမှ ဌာနပေါင်း(၇၁)ခုနှင့် အမေရိကန်၊ ရုရှားစသည့် နိုင်ငံနှင့်ဒေသပေါင်း(၁၂)မှပါဝင်ပြသခဲ့သည်။ နေရာအသီးသီးတို့၏ ယဉ်ကျေးမှုထူးခြား ချက်ပိုင်ဆိုင်သော ပြသဇုန်(၄၀)ခုကို ခင်းကျင်းခဲ့သည်။

သတင်းထောက် - လီကျင်လီ

## မဲခေါင်မြစ်ပူးတွဲတရားဥပဒေစိုးမိုးရေးစတင်

"၆.၂၆"နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ရောက်ခါနီး (၂၀)ရက်နေ့တွင် ယူနန်ပြည်နယ်စစ်ဆောင်ပန်းနားကွမ်လိပ်ဆိပ်ကမ်း တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း (၅၉)ကြိမ်မြောက်မဲခေါင်မြစ်ပူးတွဲ တရားဥပဒေစိုးမိုးရေးကို စတင်ခဲ့သည်။

ယခုအကြိမ်တရားဥပဒေစိုးမိုးရေးလှုပ်ရှားမှုတွင် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ လေးနိုင်ငံမှသင်္ဘော(၈)စီး၊ တရားဥပဒေအမှုထမ်း (၂၀၄)ဦးကို စေလွှတ်ခဲ့ပါသည်။ တစ်လိုင်းလုံးလှည့်ပတ် စစ်ဆေးရေးနှင့် အပိုင်းခွဲလှည့်ပတ်စစ်ဆေးရေး၊ "၆. ၂၆"နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်မှုကြော်ငြာရေး၊ လေးနိုင်ငံယဉ်ကျေးမှုဖလှယ်ရေး စသည့်အလုပ်တာဝန်များကို ပူးတွဲလုပ်ဆောင်ကြမည်ဖြစ်သည်။

ထို့အတူ မဲခေါင်မြစ် မြစ်ဝှမ်းဒေသရှိ ရှုပ်ထွေးနေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအခြေအနေကို တက်ကြွစွာရင်ဆိုင်လုပ်ဆောင်ရန်နှင့် မဲခေါင်မြစ် မြစ်ဝှမ်းဒေသတရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်ရေးစနစ်ကို ပိုမိုနက်ရှိုင်းစွာလုပ်ဆောင်နိုင်ရန်အတွက် ယခုအကြိမ်လှုပ်ရှားမှုကာလတွင် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံတရားဥပဒေစိုးမိုးရေးဌာနသည် ရွှေတြိဂံစသည့်အလေးပါရေနယ်ပယ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြော်ငြာခြင်း၊ မူးယစ်ဆေးဝါးအခြေအနေများကိုဖလှယ်ခြင်း၊ နိုင်ငံခြားမူးယစ်ဆေးဝါးပြစ်မှုကျူးလွန်မှုကိုတိုက်ဖျက်ရန် ဆွေးနွေးခြင်းများစသည့် အစီအစဉ်များကို အထူးလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ယခုအကြိမ်ပူးတွဲတရားဥပဒေစိုးမိုးရေးအဖွဲ့သည် တရုတ်နိုင်ငံကွမ်လိပ်ဆိပ်ကမ်းမှထွက်ခွာပြီး လာအိုမြန်မာနယ်စပ်နယ်ပယ်၏ လာအိုကျင်းမူမိန်ဆိပ်ကမ်းသို့ ရောက်ရှိမည်ဖြစ်သည်။ စုစုပေါင်းခရီးစဉ်မှာ (၅၁၂)ကီလိုမီတာဖြစ်ပြီး မဲခေါင်မြစ်ကြောင်းတွင် တရုတ်မြန်မာနယ်စပ်ရေနယ်ပယ်၊ လာအိုမြန်မာနယ်စပ်ရေနယ်ပယ်ကို ဖြတ်သန်းသွားမည်ဖြစ်ကြောင်း ယူနန်ပြည်နယ်နယ်ခြားဆောင့်တပ်ချုပ်ရေပေါ်တပ်ဖွဲ့ခွဲမှတာဝန်ရှိသူကမိတ်ဆက်ခဲ့သည်။

တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း မဲခေါင်မြစ် ပူးတွဲတရားဥပဒေစိုးမိုးရေးစတင်အချိန်ကစပြီး တရုတ်နိုင်ငံသည် မဲခေါင်မြစ်နှင့် ကမ်းနံဘေးတစ်လျှောက်တွင် မူးယစ်ဆေးဝါးအမှုပေါင်း (၂၂)ခု စစ်ဆေးဖော်ထုတ်ခဲ့ကာ ပြစ်မှုကျူးလွန်သူပေါင်း(၂၆)ဦးကို ဖမ်းဆီးနိုင်ခဲ့ပါသည်။ မဲခေါင်မြစ် မြစ်ဝှမ်းဒေသ၏ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်မှုကို ခိုင်မာစွာတားဆီးတိုက်ဖျက်နိုင်ပြီး မဲခေါင်မြစ် မြစ်ဝှမ်းဒေသ၏ မူးယစ်ဆေးဝါးအခြေအနေကို ထိရောက်စွာတားမြစ်နိုင်ခဲ့ပါသည်။

သတင်းထောက် - ရန်ကျင့်။